“ပေါက်ဖော်ချစ်ကြည်ရေး”

# ကွေ့ခက်လွှင် – မြန်မာနိုင်ငံပရဟိတခရီးစဉ်သည် ကျွန်မအားရင့်ကျက်စေသည်

ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ် အရှေ့တောင်အာရှကောလိပ်အာရှ အာဖရိကဘာသာစကား စာပေမြန်မာဘာသာစကား မေဂျာလေ့လာသင်ကြားနေသော မဟာဘွဲ့ကျောင်းသူတစ်ဦးအနေနှင့် မြန်မာနိုင်ငံအကြောင်းကိုလေ့လာသိရှိခြင်း၊ မြန်မာနိုင်ငံနှင့်ရေစက်ရှိအောင်လုပ်ဆောင်ခြင်းသည်လတ်တလောနှစ်ပိုင်းအတွင်းတွင်ကွေ့ခက်လွှင်၏ ပညာသင်ကြားလေ့လာခြင်းနှင့် နေထိုင်ခြင်း၏ အလေးထားအချက်များဖြစ်သည်။

၎င်းသည် ပွင့်လင်းရွှင်လန်းသော ယူနန်အမျိုးသမီးလေးနှင့် လှပသော မြန်မာနိုင်ငံအကြား စိတ်ဝိညာဉ်ပေါင်းစပ်သော ပုံပြင်လေးဖြစ်သည်။

ကွေ့ခက်လွှင်သည် ပညာလေ့လာခြင်းအကြောင်းကြောင့် မြန်မာနိုင်ငံနှင့် ရေစက်စုံရသည်။

၂၀၁၂ ခုနှစ်ကတည်းက ကွေ့ခက်လွှင်သည် ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်၌အရှေ့တောင်အာရှကောလိပ်အာရှ-အာဖရိက ဘာသာစကားစာပေမြန်မာဘာသာစကားမေဂျာကို လေ့လာသင်ယူခဲ့သည်။ ပညာလေ့လာသင်ကြားခြင်းမှမြန်မာနိုင်ငံကိုသိရှိခဲ့သည်။ သို့ဖြင့် မြန်မာနိုင်ငံအပေါ် မျှော်လင့်ချက်များစွာထားရှိခဲ့သည်။ ၂၀၁၄ခုနှစ်တွင်တက္ကသိုလ်ကျောင်းမှလုပ်ဆောင်ပေးသော အစီအစဉ်ဖြင့် ကွေ့ခက်လွှင်သည်မြန်မာနိုင်ငံသို့လာရောက်ပြီး ပညာသင်နှစ်(၁)နှစ်လေ့လာခွင့်ရရှိခဲ့သည်။ စိတ်ကူးယဉ်ထဲကနိုင်ငံကို တကယ်ကြည့်ရှုခွင့်ရရှိခဲ့သည်။ ရိုးသားသောစိတ်ထား၊ ကောင်းမွန်သော ဒေသခံပြည်သူများ၊ လှပသောရှုခင်းသာများကြောင့် သူမသည် ရန်ကုန်မြို့ကိုချစ်မြတ်နိုးခဲ့သည်။

၂၀၁၆ခုနှစ် ဇွန်လတွင် ကွေ့ခက်လွှင်သည် ယူနန်တိုင်းရင်းသားတက္ကသိုလ်မှ မြန်မာဘာသာစကားမေဂျာလေ့လာသင်ယူသော မဟာဘွဲ့ကျောင်းသူတစ်ဦးအဖြစ်ရွေးချယ်ခံရပြီး မြန်မာနိုင်ငံနှင့်ရေစက်သည် တဆင့်တိုးပြီးပိုမိုခိုင်မာလာကာ မြန်မာနိုင်ငံသို့ နောက်ထပ်တစ်ကြိမ်ပြန်လာလိုသော စိတ်ဆန္ဒဖြစ်ပေါ်လာသည်။ ကျောင်းဖွင့်ချိန်စောင့်မျှော်ရာတွင် သူမသည် ပိုးလမ်းမမိတ်ဘက်များအပြည်ပြည်ဆိုင်ရာ လုပ်အားပေးမဟာမိတ်အဖွဲ့(အတိုကောက်SRC)ကို သိရှိခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံသို့သွားရောက်လုပ်အားပေးလိုသူများကို ရေရှည်ခေါ်ယူသော အများအကျိုးပြုပရဟိတအဖွဲ့ဖြစ်သည်။ ကွေ့ခက်လွှင်သည်လျှောက်လွှာကို ချက်ချင်းတင်လိုက်သည်။ ယခုနှစ်ဇန်နဝါရီလတွင် လုပ်အားပေးသူတစ်ဦးအနေဖြင့် မြန်မာနိုင်ငံရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့သည်။





ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသောပထမဦးဆုံးရက်တွင် ကွေ့ခက်လွှင်နှင့်သူ၏လုပ်ငန်းဖော်များက ဒုတိယနေ့အများအကျိုးပြုပရဟိတ အစီအစဉ်အတွက်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ကြသည်။ စာအုပ်များ၊ စာရေးကိရိယာများကိုဝယ်ယူကြသည်။ ကလေးငယ်များအတွက် သင်ကြားပေးမည့်ကစားနည်းများကို လေ့ကျင့်ကြသည်။ ၎င်းအနက် ကစားနည်းတစ်မျိုးသည် ရွှံ့ဖြင့်ပုံဖော်ခြင်းဖြစ်သည်။ ရွှံ့ဖြင့်ပုံဖော်ခြင်းကို လုံးဝမကစားဖူးသော ကွေ့ခက်လွှင်အတွက် အလွန်ခက်ခဲသောတာဝန်တစ်ရပ်ဖြစ်သည်။ သို့သော်သူမသည် ထိုနေ့ညတွင် လုပ်အားပေးလုပ်ငန်းဖော်များထံမှ ကစားနည်းများကို စိတ်ရှည်စွာလေ့လာသင်ယူခဲ့သည်။ လုပ်အားပေးအစီအစဉ်ထဲတွင် တတ်နိုင်သလောက်ကူညီလုပ်ဆောင်ပေးနိုင်ရန်အတွက်သာဖြစ်သည်။

ဒုတိယနေ့ နံနက်ခင်းအချိန်တွင် လုပ်အားပေးများသည် **ပထမဆုံးဦးတည်ရပ်**-မိဘမဲ့ကျောင်းသို့သွားပြီး ကလေးငယ်များကိုကြည့်ရှုရန်ဖြစ်သည်။ မထွက်ခွာမီ ကွေ့ခက်လွှင်က အနည်းငယ်စိတ်လှုပ်ရှားမိသည်။ မိဘမဲ့ကလေးများကနေထိုင်မှုပတ်ဝန်းကျင်ကြောင့် ပေါင်းသင်းရန်ခက်ခဲလိမ့်မည်ဟု စိတ်ပူနေမိသည်။ သို့သော် ကလေးများက သူမအားအံ့အားသင့်စေသည်။ “ကလေးများသည် အလွန်တက်ကြွရွှင်လန်းကြသည်။ ကျွန်မတို့တတွေ ရွှံ့ဖြင့်ပုံဖော်ခြင်းဆော့ကစားသည့်အခါတွင် သူတို့တတွေပြုလုပ်ပုံဖော်သောရွှံ့ရုပ်လေးများသည် ကျွန်မလုပ်တာထက်တောင် ကောင်းပါသည်။ ကျွန်မထက်ပိုပြီး စိတ်ကူးယဉ်တတ်သည်။ နေထိုင်မှုပတ်ဝန်းကျင်က သူတစ်ပါးလောက်မကောင်းမွန်သော်လည်း၊ မိဘဆွေမျိုးများ၏ ချစ်ခင်ယုယမှုကို မရရှိသော်လည်း ကလေးငယ်များက စိတ်ရင်းစေတနာကောင်းထားကာ သဘောဖြူစင်သည်။ ကလေးများကလုပ်အားပေးသူများနှင့် ဓာတ်ပုံအတူရိုက်ချင်သည်”ဟု စိတ်ဆန္ဒဖော်ထုတ်ပြောဆို၍ ကွေ့ခက်လွှင်က အရမ်းဝမ်းသာမိပါသည်။

ထိုနေ့ညနေပိုင်းအချိန်တွင် လုပ်အားပေးများသည် **ဒုတိယဦးတည်ရပ်**–ဘေးဒုက္ခခံမူလတန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသူကျောင်းသားများအတွက် လက်ဆောင်များပေးအပ်ခဲ့သည်။ ကလေးများနှင့်အတူ ရွှံ့ပုံဖော်ခြင်းကို အတူကစားကြသည်။

ထို့ပြင်၊ ကွေ့ခက်လင်က ထိုကဲ့သို့တင်ပြသည်။ သူမက အများအကျိုးပြုပရဟိတလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် ကလေးများကို ကူညီပေးနိုင်သည့်အတွက် အလွန်ဝမ်းသာမိပါသည်။ ပိုမိုများပြားသောကလေးများကို ကူညီပေးနိုင်သည့်အခွင့်ရရှိရန်၊ ပရဟိတအသင်းသို့ လုပ်အားပေးလိုသူများပိုပြီးပါဝင်နိုင်ရန် သူမကမျှော်လင့်ပါသည်။

“ကျွန်မသည် ကျွန်မ၏လုပ်ငန်းဖော်များနှင့်ကလေးများထံမှ ပညာများစွာသင်ယူခဲ့သည်။ လမ်းတစ်လျှောက်တွင် စိတ်လှုပ်ရှားခြင်း၊ ဝမ်းသာခြင်း၊ သနားခြင်း၊ အနာဂတ်ဘဝအတွက်မျှော်လင့်ချက်များထားရှိခြင်း စသည်တို့ဖြစ်ပေါ်ခဲ့သည်။ ကျွန်မသည်ဘဝ၏အနက်အဓိပ္ပာယ်ကို ပိုပြီးနားလည်လာသည်။” ဟု ကွေ့ခက်လွှင်ကပြောသည်။

သတင်းထောက် ရန်ဟွေ့ယွမ်

# ယူနန်သည် ရွှေတြိဂံအပြည်ပြည်ဆိုင်ရာ ခရီးသွားလမ်းကြောင်းကိုဖွင့်လှစ်

## ဆက်နွယ်သောရေကြောင်းနှင့်ကုန်းကြောင်းဖြင့် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း (၄)နိုင်ငံသို့ ခရီးသွားလည်ပတ်ကျွန်မအားရင့်ကျက်စေသည်

မေလ(၁)ရက်နေ့မှစပြီး ခရီးသွားဧည့်သည်တော်များသည်ယူနန်ပြည်နယ်စစ်ဆောင်ပန်းနား ကွမ်လေဆိပ်ကမ်းမှ သင်္ဘောဖြင့် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း(၄)နိုင်ငံ၏ ရှုခင်းသာများကို လှည့်လည်ကြည့်ရှုနိုင်သည်။ ရွှေတြိဂံ၏လျှို့ဝှက်သော အလှတရားများကို ကိုယ်တွေ့ခံစားနိုင်သည်။

လွန်ခဲ့သောရက်ပိုင်းအချိန်တွင် “တစ်မြစ်ရေကို အတူသောက်သုံး၊ခရီးသွားအလှတရားများကို အတူခံစားခြင်းနှင့် ရေကြောင်းကုန်းကြောင်းရွှေတြိဂံအပြည်ပြည်ဆိုင်ရာခရီးသွားလမ်းကြောင်း” သတင်းစာရှင်းလင်းပွဲကို ကူမင်းမြို့တွင်ကျင်းပခဲ့သည်။ “လန်ချမ်းမြစ်-မဲခေါင်မြစ်ရေလမ်း+ကူမင်း-ဘန်ကောက်ကုန်းလမ်း၊ ရွှေတြိဂံအပြည်ပြည်ဆိုင်ရာခရီးသွားထုတ်ကုန်-အကြောင်းကိုမိတ်ဆက်ခဲ့သည်။ အဆိုပါခရီးသွားလမ်းကြောင်းကို မေလ(၁)ရက်နေ့တွင် စစ်ဆောင်ပန်းနား၌ ပထမဆုံးစတင်မည်ဖြစ်သည်။

မိတ်ဆက်ခြင်းအရ အဆိုပါလမ်းကြောင်းသည် စစ်ဆောင်ပန်းနားပြည်နယ်ခွဲကွမ်လေဆိပ်ကမ်းမှ စတင်ထွက်ခွာမည်ဖြစ်သည်။ သင်္ဘောဖြင့် ထိုင်းနိုင်ငံချင်းစိန်သို့ရောက်ရှိပြီး ကုန်းလမ်းမှ တဆင့် မြန်မာနိုင်ငံတာချီလိတ်၊ လာအိုနိုင်ငံပေါ်ချောင်၊ ဟွေ့ဆိုင်၊ နန်ထာ၊ မော်တင်သို့ သွားရောက်လည်ပတ်ပြီး တရုတ်နိုင်ငံမော်ဟန်ဆိပ်ကမ်းမှ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ကာ စစ်ဆောင်ပန်းနားသို့ လည်ပတ်မည်ဖြစ်သည်။ သို့မဟုတ်ကုန်းကြောင်းမှနိုင်ငံခြားသို့ထွက်ခွာပြီး ရေကြောင်းမှနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်သည်။ (၄)နိုင်ငံ၏လှပသောရှုခင်းများနှင့်ဓလေ့များကို တစ်ခါတည်းလေ့လာခံစားနိုင်မည်ဖြစ်သည်။

ကူမင်းဘန်ကောက် ကုန်းလမ်းမကြီး၊ ဖန်ရသံလမ်းအလယ်လမ်းကြောင်း၊ လန်ချမ်းမြစ်-မဲခေါင်မြစ် ရေကြောင်းလမ်း၊ လေကြောင်းလမ်းဘက်စုံဆက်သွယ်ရေးလမ်းကြောင်းကွန်ယက်စသည့် စီမံကိန်းများ တည်ဆောက်ရေးအကောင်အထည်ဖော် ဆောင်ရွက်လာသည်နှင့် အမျှစစ်ဆောင်ပန်းနားနှင့်အရှေ့တောင်အာရှအရင်းအမြစ် အပြန်အလှန်ဖြည့်စွက်ပေးခြင်း၊ ဧည့်သည်တော်များအပြန်အလှန် ပို့ဆောင်ပေးခြင်း၏ အနာဂတ်အခြေအနေသည် ပွင့်လင်းကောင်းမွန်လှပေသည်။ “ရွှေတောင့်လေးတောင့်ခရီးသွားအဝိုင်း”၏ စည်ကားခြင်းသည် လန်ချမ်းမြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသနိုင်ငံတော်အများအပြားအား အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

အထွေထွေသတင်း